# အမှာ

ဆိုဗီယက်ပြည်ထောင်စု၏ နောက်ဆုံးနှစ်များအတွင်း ၁၉၈၈ ခုနှစ်၌ ကျွန်တော် မော်စကိုတွင် ရှိနေသည်။ ဘယ်လောက်မြန်မြန် အဆုံးသတ်တော့မည်ဟု ဘယ်သူကမှ မသိကြသော်လည်း စနစ်ကြီးကမူ စုတ်ပြတ်နေသည့် စွန့်ပစ်ခံဘဝသို့ တရွေ့ရွေ့ သွားနေသည်။ ဒေါက်တာဘွဲ့အတွက် အာဖဂန်–ဆိုဗီယက်စစ်ပွဲ၏ သက်ရောက်မှုကို သုတေသန လုပ်နေသဖြင့် ရက်စက်သည့် ထိုပဋိပက္ခမှ ပြန်လာသည့် ရုရှားစစ်ပြန်တို့ကို လူတွေ့မေးခဲ့သည်။ တတ်နိုင်ပါက ဤအာ့ဖ်ဂန်စတီတို့ကို အိမ်ပြန်ရောက်ပြီးနောက် မကြာမတင်မှာပင် တွေ့လိုသည်။ ထိုနောက် အရပ်သားဘဝဖြင့် တစ်နှစ်နေပြီးမှ တစ်ကြိမ် ထပ်တွေ့ကာ သူတို့ ဘယ်လို ထိန်းညှိနေကြသည်ကို မေးမြန်းလိုသည်။ အများစုမှာ နာကျည်းလျက် သွေးပျက်လျက် ဒေါသထွက်လျက် ပြန်လာကြသည်။ ကြောက်မက်ဖွယ်ကောင်းသည့် ကိုးရိုးကားရား ဇာတ်လမ်းများ ပေါက်ကွဲထွက်လာသည်။ သို့မဟုတ် စပ်စပ်ထိမခံ၊ သို့မဟုတ် ထုံပေပေ၊ သို့မဟုတ် လူတောမတိုးရဲ ဖြစ်လာကြသည်။ သို့သော် နောက်တစ်နှစ်ကြာသော အခါ ထိုအခြေအနေမျိုးနှင့် ကြုံရသူအများစုတို့နည်းတူ နေသားကျလာသည်။ အောင်မြင်စွာ ကျော်လွှားနိုင်လာကြသည်။ အိပ်မက်ဆိုးများ ခဏခဏ မမက်တော့၊ ပြက်ပြက်ထင်ထင်လည်း မမှတ်မိတော့၊ အလုပ်ရနေကြပြီ၊ ရည်းစားရနေကြပြီ၊ ကားဝယ်ဖို့ တိုက်ခန်းဝယ်ဖို့ ခရီးထွက်ဖို့ ငွေစုနေကြပြီ။ သို့သော် ရှေ့ကိုဆက်၍ မတိုးနိုင်သူ မတိုးလိုသူတို့ ရှိနေသေးသည်။ စစ်၏ဘေးထွက်ဆိုးကျိုးကို ခံလိုက်ရသည့် လူငယ်အချို့သည်လည်း ထောင်တလောင် အောင်တလောင် ဖြစ်လာကြသည်။ နေ့စဉ်ဘဝ၏ စည်းမျဉ်းများ ကန့်သတ်ချက်များကို သည်းမခံလိုကြတော့။



ရဲတစ်ဦး ဖြစ်လာသည့် ဗာဒင်မ်ကို ဥပမာ ပြလိုသည်။ သူက သာမန်ရဲ မဟုတ်ဘဲ OMON ခေါ် 'ဘယ်ရီ ဦးထုပ်အနက်' ဖြစ်သည်။ လူများဖြုံကြသည့် ဤအဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့အသစ်သည် ဆိုဗီယက်ပြည်ထောင်စုကြီး မပြိုကွဲအောင် နောက်ဆုံးအားတိုက်ခဲ့ကြသူများ ဖြစ်သည်။ ဆာရှာက မီးသတ်တစ်ဦး ဖြစ်လာသည်။ ရဟတ်ယာဉ်မှူ ဆင်းကာ ချေမှုန်းရေး တိုက်ပွဲဝင်ခဲ့ရသည့် စစ်အတွေ့အကြုံနှင့် အနီးစပ်ဆုံး ဖြစ်သည်။ အသင့်စောင့်နေရပြီး အချက်ပေးသံ ရောက်လာပါက 'ခါးကုန်းကြီး'ဟု သူတို့ ခေါ်သည့် စက်သေနတ်များ ဒုံးကျည်များ ထိုးထိုးထောင်ထောင် ဖြစ်နေသည့် အင်မ်အိုင်–၂၄ ရဟတ်ယာဉ်ပေါ် စုပြုံတက်ကြကာ သူပုန်ယာဉ်တန်းကို ကြားဖြတ်တိုက်ကြသည်။ ချုံခိုတိုက်ပွဲ၌ ပိတ်မိနေသည့် ရုရှားစစ်သားများကို ကယ်ခြင်းကို ပို၍ လုပ်ရတတ်သည်။ ငြီးငွေ့ဖွယ် ဆိုဗီယက်နေ့စဉ်ဘဝ၏ အဖြစ်မှန်နှင့် မသက်ဆိုင်သည့် မီးသတ်သမားတို့၏ ရဲဘော်ရဲဘက်စိတ်၊ ရုတ်တရက်ထွက်လာသည့် အချက်ပေးသံ၊ အသက်ကို ခြိမ်းခြောက်နေသည့်တိုင် အဓိပ္ပာယ်ရှိသည့် လူပ်ရှားမှုတို့ကို တဟုန်ထိုးလုပ်ရခြင်း၊ သူတကာထက် အရေးပါနေသလိုလို အသိတို့ဖြင့် အာဖဂန်၌ ပျော်ခဲ့ရသည့် အချိန်တို့ကို ပြန်ဖန်တီးနေကြသည်။

ဗိုလိုဒျာလည်း ရှိသေးသည်။ သူ့ကို 'ချိုင်းနစ်'(လက်ဖက်ရည်ခရား)ဟု ခေါ်ကြသည်။ ဘာကြောင့်လဲတော့ မသိရပေ။ (ဗိုလ်ကျအနိုင်ကျင့်သူကို ခေါ်သော ထောင်ဝေါဟာရဖြစ်ကြောင်း တွေ့ဖူးသည်)။ ပိန်ပိန်ကျစ်ကျစ်၊ မျက်နှာထားတင်းတင်း၊ စူစူဆောင့်ဆောင့်နှင့် လမ်းပေါ်မှာ သူ့ကို တွေ့လျှင် လမ်းတစ်ဖက်ကို ကူး၍ ရှောင်သွားမိမည့် အမျိုးမျိုးရှိသည်။ စစ်ထဲတွင်ရှိစဉ်က လက်ဖြောင့် သေနတ်သမား ဖြစ်ခဲ့သည်။ သူ့ဒရာဂူနော့ဗ်ရိုင်ဖယ်နှင့် သူ့သားကောင်များအကြောင်းတို့ကို အားတက်သရော ပြောသည့်အခါမှသာ ပျော့ပျောင်းသည့် ပွင့်လင်းသည့် ရွှင်ပျသည့်လူသားအဖြစ် ပြောင်းလဲလာသည်။ အခြား အာ့ဖ်ဂန်စတီတို့က ဗိုလိုဒျာကို သည်းခံကြသော်လည်း သူ အနားတွင် ရှိနေလျှင်၊ သူ့ အကြောင်းကိုပြောလျှင် စိတ်မဖြောင့်ကြပေ။ အများစုက ခြစ်ခြုပ်သုံးစွဲနေကြရချိန်၊ မိဘများထံကပ်နေရချိန်၊ အလုပ်တစ်ခုပြီးတစ်ခု ပြောင်းနေရချိန်၌ သူ့မှာ သုံးစရာ ပိုက်ဆံပေါလှသည်။ သို့သော် ယင်းသို့ ဖြစ်သည်မှာ အဓိပ္ပာယ်ရှိသည်။ ရုရှားဒုစရိုက်လောက၌ တော်ပီဒိုဟု ခေါ်သည့် အငှားလိုက်လူသတ်သမား ဖြစ်သွားကြောင်း နောက်မှ သိလာရသည်။ ဆိုဗီယက်ဘဝတန်ဖိုးများ အဆောက်အအုံများ ပြိုလဲသွားပြီးနောက် ထိုအပြိုအပျက်များထဲမှ ဒုစရိုက်လုပ်ငန်း ပေါ်ထွန်းလာခဲ့သည်။ ကွန်မြူနစ်ပါတီ၏ အကျင့်ပျက်ဆရာကြီးများ၊



မှောင်ခိုသန်းကြွယ်သူဌေးများတို့၏ လက်အောက်ခံ မဟုတ်တော့။ ထိုလုပ်ငန်းကို တိုးချဲ့လာသဖြင့် လူသစ်စုဆောင်းလာရာ ဆိုဗီယက်ပြည်ထောင်စု၏ နောက်ဆုံးစစ်ပွဲ၏ဒဏ်ကို ခံထားရသည့် ယုံကြည်ချက်ကင်းမဲ့နေသည့် စစ်ပြန်များ အများအပြား ဝင်ရောက်လာကြသည်။ အချို့က သက်တော်စောင့်များ၊ အချို့မှာ ကယ်ရီများ၊ အချို့က အငှားလူကြမ်းများ၊ ဗိုလိုဒျာလို အချို့မှာ လူသတ်သမားများ ဖြစ်လာကြသည်။

ဗိုလိုဒျာ ဘာဖြစ်သွားမှန်း ကျွန်တော် မသိပါ။ ကျွန်တော်တို့ချင်း စာပေးစာယူလည်း မရှိကြပါ။ ၁၉၉၀ ပြည့်လွန်ကာလ အတွင်း ကားဗုံးထောင်ခြင်း၊ ကားပေါ်မှ ပစ်ပြေးခြင်း၊ ညပိုင်း၌ ဓားမြှောင်စွမ်းပြခြင်း စသဖြင့် ဆင်နွှဲကြသည့် ဂိုဏ်းစစ်ပွဲများတွင် ကျဆုံးသွားပုံရသည်။ ထိုဆယ်စုနှစ်က ကျဆုံးသွားသည့် ဂိုဏ်းသမားတို့ကို 'ဂေါ့ဖားသား'၏ ခမ်းနားမှုဖြင့် သင်္ဂြိုဟ်ကြသည့်အလေ့ ခေတ်စားခဲ့သည်။ ဇော်မွှားပန်းအဖြူများ တန်းစီပြီး ထိုးစိုက်ထားသည့် လမ်းများအတွင်း ကားနက်ကြီးများ အတန်းလိုက်မောင်းကာ မသာပို့ကြသည်။ ကျောက်သားများဖြင့် ခမ်းခမ်းနားနား ဆောက်ထားသည့် သင်္ချိုင်းဂူကြီးများတွင် သေသူ့ ရုပ်တုကိုလည်း ထုထားတတ်ကြသည်။ အလွန့်အလွန် ကုန်ကျသည် (ပျမ်းမျှလုပ်ခမှာ တစ်နေ့လျှင် တစ်ဒေါ်လာသာသာ ရသည့်အချိန်တွင် ဒေါ်လာ ၂၅၀,၀၀၀ အထိ ကုန်ကျဖူးသည်)။ ထို့ပြင် အပေါစားဆန်စွာ ကြွားဝါတတ်သည်။ ထိုဂူတို့တွင် သေသူကို ဒုစရိုက်လုပ်ငန်းမှ ရလာသည့် ခိုးရာပါပစ္စည်းများဖြစ်သည့် မာစီးဒီးကား၊ ဒီဇိုင်နာချုပ်ဝတ်စုံ၊ ရွှေဆွဲကြိုးကြီး စသည်တို့နှင့် ဆင်ပြင်ပေးထားကြသည်။ တစ်နေ့နေ့တွင် မော်စကိုဂိုဏ်းသမားများ အကြိုက်ဖြစ်သည့် မြို့အရှေ့တောင်ဘက်ရှိ ဗဗီဒင်စကိုယေ၊ အနောက်ဘက်ရှိ ဗာဂန်ကိုစကိုယေသင်္ချိုင်းတို့တွင် လျှောက်ကြည့်လျှင် ဗိုလိုဒျာ၏ဂူကို တွေ့နိုင်သည်ဟု စဉ်းစားမိသည်။ သူ့ဂူတွင် ထိုရိုင်ဖယ်ကို ပြစားထားမည်မှာ သံသယ မရှိ။

မည်သို့ဆိုစေ၊ ဗိုလိုဒျာနှင့် သူ့လိုလူများကြောင့် ကျွန်တော်လည်း ခြွင်းချက်အချို့ (ပြောင်းရွှေ့နေထိုင်သူ သုတေသီများ[၁]) မှအပ နဂိုက လျစ်လျူပြုထားမိသည့် ရုရှားဒုစရိုက်လုပ်ငန်းတိုးချဲ့လာခြင်းနှင့် အကျိုးဆက်တို့အကြောင်းကို သတိပေးသည့် ပထမဆုံး အနောက်တိုင်းသုတေသီ ဖြစ်ခဲ့ရသည်။ သို့သော် လူသားတို့မှာ 'အလွန်အကျွံပေးလျော်ခြင်း'၏ ကျေးကျွန်များ ဖြစ်နေသည်။ ရုရှားဒုစရိုက်လုပ်ငန်းကို လျစ်လျူပြုခဲ့မိသည်ကို ၁၉၉၀ ပြည့်လွန်အတွင်းကျမှ မလွဲမရှောင်သာ သိမြင်ကြ၍ ထိုသို့ အလန့်တကြား ဖြစ်သွားဟန်တူသည်။ စစ်အေးတိုက်ပွဲကို နိုင်လိုက်သဖြင့် ပျော်ရွှင်နေသည့် အနောက်တိုင်းသည်လည်း စိတ်ပျက်သွားရသည်။ ဆိုဗီယက်တင့်ကားတို့သည် ဥရောပကို ဘယ်တုန်းကမှ



အလေးအနက် မခြိမ်းခြောက်ဖူးပေ။ သို့သော် ဆိုဗီယက်ခေတ်လွန် ဂိုဏ်းသမားတို့ကသာ လက်ငင်းအန္တရာယ် အစစ်အမှန်နှင့် ပို၍ တူလာသည်။ ကျွန်တော်တို့ မသိလိုက်ရပဲ ၂၀၀၀ ပြည့်လောက်၌ စိမ်းလန်းစိုပြည်သည့် ဆာရေးနယ်ဆင်ခြေဖုံးများတွင် ရုရှားဂိုဏ်းသမားများ သေနတ်ချင်း ယှဉ်ပစ်နေကြမည်။ သုတေသီတို့ကလည်း 'မာဖီးယားငြိမ်းချမ်းရေး' အကြောင်း ပြောနေတုန်းမှာပင် ဒုစရိုက်လုပ်ငန်းဂိုဏ်းတို့က ကမ္ဘာကြီးကို ခွဲတမ်းချနေလိမ့်မည်ဟု ဗြိတိသျှရဲချုပ်များက ဟောကိန်းထုတ်ထားကြသည်။ ထိုသို့မဖြစ်သေးသည်မှာ မှန်ပါသည်။ ရုရှားဂိုဏ်းတို့ကလည်း အကြမ်းဖက်သမားတို့သို့ အဏုမြူဗုံးများ မရောင်းသေးပါ၊ တတိယကမ္ဘာနိုင်ငံများကိုလည်း မဝယ်ကြသေးပါ။ ကရင်မလင်ကိုလည်း မသိမ်းသေးပါ၊ သူတို့ လုပ်လိမ့်မည်ဆိုသည့် အခြားကြံကြီးစည်ရာ ရည်ရွယ်ချက်များကိုလည်း တစ်ခုမှ အကောင်အထည်မဖော်ကြသေးပါ။

၁၉၉၀ ပြည့်လွန်ကာလသည် ရုရှားဂိုဏ်းသမားများ ဂုဏ်ရောင်ပြောင်သည့် နေ့ရက်များ ဖြစ်ခဲ့သည်။ သို့သော် ထိုနောက်ပိုင်း ပုတင့်လက်ထက်၌ လမ်းပေါ်က ဂိုဏ်းသမားများအစား နိုင်ငံတော်သူခိုးများအဖြစ် ပြောင်းလဲလာသည်။ ဂိုဏ်းစစ်ပွဲများ ပြီးဆုံးသွားပြီ၊ စီးပွားရေး အခြေကျလာပြီ၊ ထို့ပြင် ကရိုင်းမီးယားစစ်အေးကြောင့် လောလောဆယ် ပိတ်ပင်မှုများ ရှိနေသော်လည်း မော်စကိုတွင် ကျန်ဥရောပမြို့တော်များနည်းတူ စတားဘတ်ကော်ဖီဆိုင်များလို တစ်ကမ္ဘာလုံးနှင့် ဆိုင် သည့် သင်္ကေတများဖြင့် တန်ဆာဆင်ထားပြီဖြစ်သည်။ ရုရှားကျောင်းသားများလည်း နိုင်ငံခြားတက္ကသိုလ်များတွင် အုံလိုက် သင်းလိုက် တက်ရောက်နေဆဲ၊ ရုရှားကုမ္ပဏီများကလည်း သူတို့၏ IPO (ကနဦးရှယ်ယာအရောင်းဌာန) များကို လန်ဒန်မှာဖွင့်နေဆဲ၊ ပိတ်ပင်ခံမထားရသည့် ရုရှားလူချမ်းသာများကလည်း ဒါဗို့စ်ကမ္ဘာ့စီးပွားရေးဖိုရမ်၊ ဗင်းနစ်ပြပွဲ၊ အက်စပင်တောင်စောင်း စကီးကွင်းများတွင် နိုင်ငံတကာ ယှဉ်ဖက်များနှင့် ပခုံးချင်းတိုက်နေကြဆဲ ဖြစ်သည်။

ဗိုလိုဒျာနှင့်တွေ့ပြီးနောက်ပိုင်း၌ ရုရှားမြေအောက်လောကအကြောင်းကို ပြည်တွင်းမှာရော ပြည်ပမှာပါ သုတေသီ၊ အစိုးရအကြံပေး (ဗြိတိသျှနိုင်ငံခြားနှင့် ဓနသဟာယရုံးတွင် ခေတ္တမျှ အပါအဝင်)၊ စီးပွားရေးအတိုင်ပင်ခံ၊ တစ်ခါတစ်ရံ ရဲအချက်အလက်ရင်းမြစ် အနေဖြင့် ကျွန်တော် လေ့လာနိုင်ခဲ့သည်။ ယင်း၏ အတက် သို့မဟုတ် အကျ၊ ထိုနောက်မှချ အပြောင်းအလဲ၊ ဒုစရိုက်သမားဟောင်းကြီးများထက် ပို၍ ဇက်ရဲလက်ရဲရှိသည့် နိုင်ငံရေးထိပ်တန်း (elite) တစ်ဦးကြောင့် ပိုမို ယဉ်ကျေးလာခြင်းတို့ကို ကျွန်တော် စောင့်ကြည့်နေခဲ့သည်။ မည်သို့ဆိုစေ အထိန်းအကွပ်မဲ့ အဂတိလိုက်စားမှု၊ အကြမ်းဖက်မှု၊ ဒုစ



ရိုက်မှု ဝဲသြဃထဲသို့ ထိုးဆင်းတော့မည့် လူ့အဖွဲ့အစည်းတစ်ခု၏ ပုံဆောင်ပြရုပ်ဖြစ်သည့် ရုရှားဂိုဏ်းသမားလှိုင်းသစ်တွင် ပါဝင်သူလည်းဖြစ်၊ ယင်း၏သားကောင်လည်းဖြစ်သည့် ထိုစစ်ဒဏ်ခံ သေနတ်သမား၏ ပုံရိပ်မှာ စွဲထင်နေဆဲ ဖြစ်သည်။

❖